# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၉ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

## အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အတွက် လတ်တလော အကျိုးဖြစ်ထွန်းရရှိနိုင်မည့် ဦးစားပေးနယ်ပယ်များဖော်ထုတ်၍ ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရေးနှင့် လက်တွေ့ဆောင်ရွက်နိုင်မည့် နှစ်အလိုက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် "**အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ**" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန ( ၂ ) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး (မွေးမြူရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များ<br>အသင်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (န) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံရော်ဘာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ပ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဖ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်<br>စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့<br>ရောင်းချသူများအသင်း | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ<br>အသင်း | အဖွဲ့ဝင် |
| (ယ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး<br>ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ရ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဝ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပို့ကုန်တင်ပို့မှု ပိုမိုတိုးတက်လာစေရန် ဈေးကွက်ရှာဖွေခြင်း၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်းနှင့် ပို့ကုန်ဆိုင်ရာအတားအဆီးများ လျှော့ချခြင်းတို့အတွက် မိမိနိုင်ငံက ကုန်စည်တင်ပို့သည့်နိုင်ငံများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့် ထုတ်လုပ်တင်ပို့သူများအကြား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(ခ) ပို့ကုန်ကဏ္ဍအလိုက် အကောင်အထည်ဖော်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့အကြား လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်၊

(ဂ) အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ရှိ လုပ်ငန်းစဉ်များအနက် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး အလျင်အမြန် အကျိုးရရှိနိုင်မည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဖော်ထုတ်အကောင်အထည်ဖော်ရန်၊

(ဃ) ပို့ကုန်ကဏ္ဍအလိုက် အကောင်အထည်ဖော်မှုများကို နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်၊ စီးပွားရေးဦးတည်ချက်များ၊ ပကတိအခြေအနေများနှင့် ကိုက်ညီစွာဆောင်ရွက်ရန်၊

(င) မြန်မာနိုင်ငံ၏ပို့ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ပိုမိုမြင့်မားစေရေးအတွက် ကုန်ပစ္စည်းအရည်အသွေး၊ ဒီဇိုင်းနှင့် ထုတ်ပိုးမှုများ ပိုမိုကောင်းမွန်လာစေရေး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်၊

(စ) ပို့ကုန်ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းများအတွက် နှစ်အလိုက် ကာလတို ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ သုံးသပ်ဆောင်ရွက်ရန်၊

(ဆ) ပို့ကုန်ကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းမှုကို ပြန်လည် သုံးသပ်၍ ထိရောက်ကျစ်လစ်စွာ ပြန်လည်ဖွဲ့စည်းရေး ဆောင်ရွက်သွားရန်၊

(ဇ) ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှင့် ချိတ်ဆက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) ဦးစားပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေလျာထားမှုများ ဆောင်ရွက်ရေး ကြီးကြပ်သွားရန်၊

(ည) ဦးစားပေးကဏ္ဍများ၏ ပို့ကုန်ဈေးကွက်နှင့် အလားအလာအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ရန်နှင့် ဈေးကွက်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဋ) ကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် လိုအပ်သလို အစည်းအဝေးများ ခေါ်ယူညှိနှိုင်းရန်နှင့် အဆိုပါကော်မတီများက လစဉ်အစီရင်ခံစာများ တင်ပြစေပြီး လိုအပ်သလို ကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဌ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှု မြှင့်တင်ရေးကောင်စီသို့ ၃ လ တစ်ကြိမ် အစီရင်ခံတင်ပြ၍ လမ်းညွှန်မှုခံယူ ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ